ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘဏ်များအသင်း၌

၃.၅.၂၀၁၆ နေ့မှ ၄.၅.၂၀၁၆ နေ့အထိ

ကျင်းပပြုလုပ်ခဲ့သည့်

IFRS Transformation of Myanmar Banks Workshop သို့

တက်ရောက်ခြင်းအစီရင်ခံစာ

ကန့်သတ်

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | - |
| ၂။ | ရည်ရွယ်ချက် | ၁ | - |
| ၃။ | တက်ရောက်ခဲ့သူများ | ၁ | - |
| ၄။ | ဆွေးနွေးချက်များ | ၁ | ၇ |
| ၅။ | နိဂုံး | ၇ | - |

**ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘဏ်များအသင်း(MBA)တွင် ၃-၅-၂၀၁၆ နေ့မှ ၄-၅-၂၀၁၆ နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် IFRS Transformation of Myanmar Banks Workshop သို့ တက်ရောက်ခြင်း အစီရင်ခံစာ**

**နိဒါန်း**

၁။ ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘဏ်များအသင်း (MBA) တွင် ၃-၅-၂၀၁၆ နေ့မှ ၄-၅-၂၀၁၆ နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် IFRS Transformation of Myanmar Banks Workshop သို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး နှင့် ဦးစီးအရာရှိ (၂)ဦး တက်ရောက်ခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ GIZ အထောက်အပံ့ဖြင့် ကျင်းပပြုလုပ်သည့် IFRS Transformation of Myanmar Banks Workshop ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဘဏ်များ၏ စာရင်းထားရှိမှုများနှင့် ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် IFRS နှင့်အညီ ဖြစ်စေရန်ဖြစ်ပါသည်။

**တက်ရောက်ခဲ့သူများ**

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည် -

(က) ဒေါ်မြဇင်
လက်ထောက်ညွှန်ကြားရေးမှူး

(ခ) ဒေါ်အိဖြိုးလှိုင်
ဦးစီးအရာရှိ

(ဂ) ဒေါ်ဇင်မာမိုး
ဦးစီးအရာရှိ

**Workshop တွင်ဆွေးနွေးချက်များ**

၄။ IAS - 24 Related Parties Disclosure နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆွေးနွေးပါသည် -

**(က) Purpose of Related Parties**

အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းတွင် ဆက်စပ်ပတ်သက်နေသော လူပုဂ္ဂိုလ်များနှင့် လုပ်ဆောင်ချက်များ (transaction) အား Disclosure ပြုလုပ်ပေးရန်ဖြစ်ပါသည်။

(ခ) Related Party

အဖွဲ့အစည်းနှင့်ပတ်သက်နေသော Related Party ဆိုသည်မှာ ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲသော အဖွဲ့အစည်းနှင့် ပတ်သက်ဆက်စပ်နေသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းဖြစ်ပါသည်။

(ဂ) Related Party transaction

ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများအကြား ရရန်/ ပေးရန်များ (resources, services or obligation) အား transfer ပြုလုပ်ခြင်းဖြစ်ပါသည်။

(ဃ) Key Management Person

အဖွဲ့အစည်းတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အစီအစဥ်ချမှတ်ခြင်း၊ ညွှန်ကြားခြင်းနှင့် ထိန်းချုပ်ခြင်းများအတွက် အခွင့်အာဏာနှင့်တာဝန်ရှိသော director များဖြစ်ပါသည်။

(င) Close members of the family

အဖွဲ့အစည်းနှင့်စပ်လျဥ်း၍ တစ်ဦးတစ်ယောက်ချင်းအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်သော မိသားစုဝင်များဖြစ်ပါသည် -

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏အိမ်ထောင်ဖက်နှင့် သားသမီးများ

(၂) သားသမီးများ၏အိမ်ထောင်ဖက်များနှင့် မှီခိုသူများ(သို့)မိသားစုဝင်များ

၅။ Related Party ဖြစ်၊ မဖြစ်စဥ်းစားခြင်းသည် အရေးကြီးသောအချက်ဖြစ်ပြီး စာရင်းစစ်များ ဂရုပြုရမည်မှာ legal form (တရားဝင်အသွင်သဏ္ဍာန်)နှင့် substance(အနှစ်သာရ) ယှဥ်လျှင် substance(အနှစ်သာရ) ကိုသာ စာရင်းစစ်များက ယူရပါမည်ဖြစ်ပြီး Related Party မဟုတ်သော ပုဂ္ဂိုလ်များမှာ အောက်ပါတို့ဖြစ်ကြောင်း သိရှိရပါသည် -

(က) ငွေချေးကူညီထောက်ပံ့သူများ

(ခ) အရောင်းအဝယ်အဖွဲ့များ

(ဂ) ပြည်သူလူထုအဖွဲ့အစည်းများ

(ဃ) အစိုးရဦးစီးဌာနအဖွဲ့အစည်းများ

၆။ IFRS - 10 Consolidated Financial Statements နှင့်စပ်လျဥ်း၍ အောက်ပါတို့ကို ဆွေးနွေးပါသည် -

Basic Accounting Concepts

- Accual (or) Matching concept
- Prudence concept
- Substance over form concept
- Materiality concept
- Consistency concept
- Going concern concept

**Different Types of Investment**

၇။ Group of Company တွင် လက်အောက်ခံကုမ္ပဏီ၏ အဆင့်အတန်း သတ်မှတ်ချက် (၄) ချက်ရှိပါသည် -

(က) Subsidiary- Company တစ်ခုသည် အခြား Company တစ်ခု၏ ရှယ်ယာများအား ၅၀% နှင့်အထက်ပိုင်ဆိုင်ပြီး ယင်းကုမ္ပဏီအပေါ်တွင် control ရှိလျှင် Subsidiary ဖြစ်သည်။

(ခ) Joint Venture- Company (၂)ခုသည် ရှယ်ယာများကို ၅၀% စီ ပိုင်ဆိုင်ကြပြီး အတူတူ Jointly control ရှိလျှင် Joint Venture ဖြစ်ပါသည်။

(ဂ) Associate- ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီတစ်ခုအပေါ်တွင် သိသာထင်ရှားသော ဩဇာလွှမ်းမိုးနိုင်လျှင် Associate ဖြစ်ပါသည်။

(ဃ) Normal Investment - IFRS - 9 နှင့် အကျုံးဝင်သော loan, stock များသည် Normal Investment များဖြစ်ပါသည်။

**Examples of Group Stucture**




- Co.,Pသည် Co.,R အပေါ်တွင် ၅၀ ရာခိုင်နှုန်း အထက်ပိုင်ဆိုင်သဖြင့် control ရှိပြီး Co.,R သည် Co.,P၏ Subsidiary လက်အောက်ခံ Co.,ဖြစ်ပါသည်။
- Co.,Qသည် Co.,R ၂၀ ရာခိုင်နှုန်း အထက်ပိုင်ဆိုင်သဖြင့် significant influence ရှိပြီး Co.,R သည် Co.,P၏ Associate Co.,ဖြစ်ပါသည်။
- Co.,A နှင့် Co.,B တို့သည် Co.,J အပေါ်တွင် ၅၀ ရာခိုင်နှုန်းစီ ပိုင်ဆိုင်သဖြင့် Jointly control ရှိပြီး Co.,A နှင့် Co.,B တို့သည် Co.,J နှင့် Joint Venture များဖြစ်ပါသည်။

၈။ Group of Company နှင့် စပ်လျဥ်းသည့် အောက်ပါတို့ကိုဆွေးနွေးပါသည် -

Group - မိခင်ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

Parent - လက်အောက်ခံကုမ္ပဏီ(၁)ခု(သို့မဟုတ်) တစ်ခုထက်ပို၍ပိုင်ဆိုင်သောကုမ္ပဏီ

Subsidiary - မိခင်ကုမ္ပဏီမှ control လုပ်သောကုမ္ပဏီ

Non-controlling Interests - မိခင်ကုမ္ပဏီမှတိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှု မရှိသော Equity

Consolidated FSs - မိခင်ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ဘဏ္ဍာရေး ရှင်းတမ်းကို Group တစ်ခုတည်းအဖြစ် ပေါင်းဆဲွထားခြင်း

Control - ကုမ္ပဏီတစ်ခု၏ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုများတွင် Control လုပ်နိုင်ရန် power ရှိခြင်း

**Purpose of Consolidated Financial Statements**

၉။ Consolidated Financial Statements ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါတို့ဖြစ်ကြောင်း သိရှိရပါသည် -

- အဖွဲ့အစည်းတစ်ခုတည်းကဲ့သို့ group ကိုသတ်မှတ်ခြင်း
- မိခင်ကုမ္ပဏီ၏ shareholders ၏အကျိုးစီးပွားကို စောင့်ရှောက်ခြင်း
- မိခင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ဝင်ငွေအပြည့်အဝဖော်ပြခြင်း
- Group ကုမ္ပဏီအဖြစ် ရပ်တည်နိုင်ခြင်း - ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲရာတွင် စီးပွားရေးအရ အမှန်တရားကို လိုက်နာဆောင်ရွက်နိုင်ခြင်း

**Exemption from preparing consolidated FSs**

၁၀။ Economic Reality အရ ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲရာတွင် မိခင်ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများကို Conso ပြုလုပ်ပြီးရေးဆွဲရမည်။ သို့သော် အောက်ပါအချက်(၄)ချက်နှင့် ကိုက်ညီပါက Consolidated Financial Statement ရေးဆွဲရန် မလိုအပ်ကြောင်းသိရှိရပါသည်-

- မိခင်ကုမ္ပဏီကိုယ်တိုင်သည် အခြားသောအဖွဲ့အစည်းတစ်ခု၏ အပြည့်အဝပိုင်ဆိုင်ခြင်းခံရသည့် လက်အောက်ခံကုမ္ပဏီဖြစ်ခြင်း (သို့)အခြားကုမ္ပဏီအား အစိတ်အပိုင်းတစ်ခုပိုင်ဆိုင်သည့် Subsidiary Companyဖြစ်ခြင်း၊
- Debt (or) Equity instrument များအား အများပြည်သူသို့ ရောင်းချမှု မပြုလုပ်နိုင်ခြင်း၊
- Public securities market တွင် securities များကို ထုတ်ဝေရောင်းချမှု မပြုနိုင်ခြင်း၊
- IFRS နှင့်အညီ Consolidated ဘဏ္ဍာရေးရှင်းတမ်းကို ဖော်ပြထားခြင်း၊

IFRS- 3 Business Combinations

Acquisition Method

၁၁။ IFRS - 3 Business Combination အရ ကုမ္ပဏီ တစ်ခုကိုဝယ်ယူသည့်အခါ Acquisition Method ကိုအသုံးပြု၍ စာရင်းရေးသွင်းရမည်ဖြစ်ပြီး ၎င်း Method အရ အောက်ပါအဆင့် (၄) ဆင့်ကို သိရှိရပါမည် -

Step-1 ပိုင်ဆိုင်မှုရာခိုင်နှုန်း (control)

Step-2 ဝယ်ယူသည့်နေ့

Step-3 Assets, Liabilities, Non-controlling Interests (NCI) စာရင်းရေးသွင်းခြင်း

Step-4 Goodwill စာရင်းရေးသွင်းခြင်း

Example; Co., x သည် Co., Y ကိုဝယ်ယူခြင်း

ဝယ်ယူသည့်ရာခိုင်နှုန်း -၁၀၀%

ဝယ်ယူသည့်နေ့ -၃၁.၃.၂၀၁၆

Investment -$m 100

ဝယ်သည့်နေ့တွင်ရှိသော Co., Y ၏ Share Capital-$m 70

Retained earning-$m 20

Co., Y ဝယ်ယူသည့်အတွက် Goodwill ရှိမရှိ အောက်ပါအတိုင်း တွက်ချက်ရပါမည် -

| | | |
|---|---|---|
| Investment | | $m100 |
| Co.,Y – Share Capital | $m70 | |
| Retained earning | $m20 | $m90 |
| Goodwill | | $m10 |

၁၂။ ၃၁.၃.၂၀၁၆ နေ့ရှိ Consolidation Statement of Financial Position ရေးဆွဲရာတွင် ကုမ္ပဏီ(၂)ခု၏ Assets, Liabilities, loans များကို ၁၀၀ % ပေါင်းပြီး Co., Y ၏ Share Capital ကိုသာယူ၍ တွက်ချက်ရရှိလာသော Goodwill ကို ထည့်ပြီးရေးဆွဲရပါမည်။

IAS -39 Financial Instruments

Measurement

၁၃။ Financial Asset များကို impaired လုပ်ထားသော objective evidence ကို အစီရင်ခံသည့်နေ့တွင် အကဲဖြတ်ခြင်းဖြစ်ပါသည်။

- Financial Asset အား Amortized Cost ဖြင့်စာရင်းသွင်းခြင်း
    - Financial Asset ၏ Carrying Value နှင့် Present Value တို့၏ခြားနားချက်မှာ impairment ဖြစ်ပါသည်။
        - ကျခံခြင်းမပြုရသေးသော အနာဂတ်တွင် ဆုံးရှုံးမှုကို ဖယ်ထုတ်ထားရပါမည်။
        - Asset ၏ Carrying Value အား တိုက်ရိုက်ဖြစ်စေ၊ အသုံးပြုမှုအပေါ်တွင်ဖြစ်စေ လျှော့ချသည်။
        - Impairment loss ကို အရှုံး/ အမြတ်စာရင်းတွင် စာရင်းရေးသွင်းသည်။

**Recognization (စာရင်းတင်သွင်းခြင်း)**

- Loan and receivable ⎫
- Held to maturity ⎭ → amortized cost
- Financial statement fair value through profit &loss → profit &loss
- Available for sale → Equity

Interest income = CV x market rate (or) effective rate

Interest received = PV x official rate

**Evidence of Impairment**

- Issuer or Obligor ၏သိသာထင်ရှားသော ဘဏ္ဍာရေးအခက်အခဲများ
- စာချုပ်ဖောက်ဖျက်ခြင်း၊ အတိုး (သို့) အရင်းပေးချေရန်ပျက်ကွက်ခြင်း
- Borrower ၏ ဘဏ္ဍာရေးအခက်အခဲများသည် Lender ၏စီးပွားရေး(သို့မဟုတ်) ဥပဒေ အကြောင်းအရာများနှင့် ပတ်သက်နေခြင်း
- Borrower သည် ဒေဝါလီခံရနိုင်သောအခြေအနေ ဖြစ်လာခြင်း
- ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများကြောင့် Financial Asset သည် Active Market မရှိတော့ခြင်း

**IFRS -9 Financial Instruments**

၁၄။ IFRS -9 Financial Instrument နှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုဆွေးနွေးပါသည် -

IFRS-9 သည် IAS-39 ကိုအစားထိုးရန်ဖြစ်ပြီး Financial Assets များအား တိုင်းတာရန်နှင့် အမျိုးအစားခွဲခြားရန်ဖြစ်ပါသည်။ IAS-39 နှင့် IFRS-9 တို့၏ အဓိကခြားနားချက်မှာ Loan တွက်ချက်မှုကွာခြားခြင်းဖြစ်သည်။ IFRS-9သည် Loan နှင့်ပတ်သက်ပြီးတစ်ခုခုဖြစ်မည်ဟု ထင်မြင်ယူဆပါက

Impairment လုပ်ကိုလုပ်ရမည်ဖြစ်ပြီး IAS-39 သည် သေချာဖြစ်မည်ဟု ထင်မြင်မှ Impairment လုပ်ခြင်းဖြစ်သည်။ IAS-39 တွင် အမျိုးအစား(၄)မျိုးပါဝင်ပြီး IFRS-9 တွင် အမျိုးအစား(၃)မျိုး ပါဝင်သည်။ IFRS-9 သည် Impairment ကိုဦးစားပေးသည်။

**နိဂုံး**

၁၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြဇင်နှင့် ဦးစီးအရာရှိ ဒေါ်အိဖြိုးလှိုင်၊ ဒေါ်ဇင်မာမိုးတို့သည် ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘဏ်များအသင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် IFRS Transformation of Myanmar Banks Workshop တက်ရောက်ခဲ့ခြင်းဖြင့် IAS, IFRS များအား လေ့လာသိရှိခဲ့ခြင်းအပြင် IAS, IFRS များဖြင့်ဘဏ်လုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား သိရှိရခြင်း စသည့်အတွေ့အကြုံဗဟုသုတများ ရရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

| | | |
|---|---|---|
| ဇင်မာမိုး | အိဖြိုးလှိုင် | မြဇင် |
| ဦးစီးအရာရှိ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |